ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# ကာကွယ်ရေးဝန်ကြီးဌာန

---

mod@nugmyanmar.org

## (၇၃)နှစ်မြောက် ကရင်အမျိုးသားတော်လှန်ရေးနေ့သို့ ပေးပို့သော သဝဏ်လွှာ

## ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့

၁။ ယနေ့ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့တွင် ကျရောက်သော (၇၃)နှစ်မြောက် ကရင်အမျိုးသားတော်လှန်ရေးနေ့သို့ ဂုဏ်ယူစွာဖြင့် ဤသဝဏ်လွှာကို ပါးအပ်ပါသည်။

၂။ လွန်ခဲ့သော(၇၃)နှစ်မှစတင်၍ ယနေ့အချိန်ထိ ခေတ်အဆက်ဆက် စစ်အာဏာရှင်ဆန့်ကျင်ရေးခုခံတွန်းလှန်စစ်တွင် ရှေ့တန်းမှ ဦးဆောင်ပါဝင်လျက် စွန့်လွှတ်အနစ်နာခံမှုများစွာပြုခဲ့သော ကရင်အမျိုးသားများအား ဦးညွှတ်ဂုဏ်ပြုလိုက်ပါသည်။

၃။ ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးပေါင်းစုံ၏ လိုလားချက်မှာ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသည့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန် ဖြစ်ပါသည်။

၄။ ပြည်ထောင်စု၏အနာဂတ်ကို တည်ဆောက်ရာတွင် အဟန့်အတားပြုလျက်ရှိသော စစ်အာဏာရှင်စနစ်ကို တွန်းလှန်တိုက်ဖျက်ရန်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံး၏ သမိုင်းပေးတာဝန် ဖြစ်သည်ဟု ခံယူပါသည်။

၅။ တိုင်းရင်းသားပြည်သူများ၏ထောက်ခံပါဝင်မှု၊ တော်လှန်ရေးအင်အားစုများ၏ စုစည်းညီညွတ်မှုဖြင့် ဆင်နွှဲလျက်ရှိသော ပြည်သူ့ခုခံတွန်းလှန်စစ်ကြောင့် စစ်အာဏာရှင်စနစ်၏နေဝင်ချိန်သည် နီးကပ်လာပြီ ဖြစ်သည့်အားလျော်စွာ အဓမ္မအကြမ်းဖက်စစ်ဝါဒချုပ်ငြိမ်းလျက် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို အမြန်ဆုံးတည်ထောင်နိုင်ရန်အလို့ငှာ ကရင်အမျိုးသားများအနေဖြင့် အခြားတိုင်းရင်းသားတော်လှန်ရေးအင်အားစုများနှင့် လက်တွဲလျက် တော်လှန်ရေးအဟုန်ကို ဦးဆောင်မြှင့်တင်ဆောင်ရွက်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ